ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်

ပြည်ထောင်စုလွှတ်တော် ပဉ္စမအကြိမ်အစည်းအဝေးသို့ ဖတ်ကြားတင်သွင်းသည့် ပြည်သူ့ရေးရာကော်မတီ၏အစီရင်ခံစာ

နိဒါန်း

၁။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ စစ်တပ်၏ တရားမဝင်အာဏာသိမ်းယူမှုအပေါ် ဆန့်ကျင်သည့် အကြမ်းမဖက်အာဏာဖီဆန်မှုတွင် ပါဝင်ကြသော ပြည်သူ့ဝန်ထမ်းသူရဲကောင်းများနှင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုများတွင် ပါဝင်ကြသည့် ပြည်သူများအား အားပေးထောက်ခံခဲ့ပြီး လိုအပ်သည့်ပံ့ပိုးကူညီမှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် အာဏာသိမ်းစစ်တပ်က ပြည်သူလူထုအပေါ်၌ အကြမ်းဖက်မှုနည်းလမ်းမျိုးစုံဖြင့် ဥပဒေမဲ့ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ နေအိမ်များ မီးရှို့ဖျက်ဆီးခြင်းတို့ကို တိုးမြှင့်လုပ်ဆောင်လာပြီးနောက် ဒုက္ခအခက်အခဲများဖြင့် ကြုံတွေ့နေရသည့် ပြည်သူလူထုနှင့်ပြည်သူ့ဝန်ထမ်းများအား ဆက်လက်ပံ့ပိုးကူညီနိုင်ရန် ပြည်သူ့ရေးရာကော်မတီအား အမြဲတမ်းကော်မတီတစ်ရပ်အဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

ပြည်သူ့ရေးရာကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၂။ ပြည်သူ့ရေးရာကော်မတီသည် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ၏ ၂၄-၄-၂၀၂၁ ရက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၆-၄-၂၀၂၁ ရက်စွဲပါ သတင်းထုတ်ပြန်ချက် အမှတ်(၃)ဖြင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၁၅)ဦးဖြင့် ပြည်သူ့ရေးရာနှင့် သတင်းပြန်ကြားရေးကော်မတီအဖြစ် စတင်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည်။ ထို့နောက် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှစတင်၍ ပြည်သူ့ရေးရာကော်မတီအဖြစ် အမည်ပြင်ဆင်ခဲ့ပြီး မူလကော်မတီဝင်များဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ကြပါသည်။ ကော်မတီကို လုပ်ငန်းတာဝန်များအား ကျယ်ကျယ်

ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတစ်ဝှမ်းရှိ အခက်အခဲဖြစ်ပေါ်နေသည့် ပြည်သူများနှင့် လျင်မြန်စွာ ချိတ်ဆက်အကူအညီပေးနိုင်ရန်အလို့ငှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

အကောင်အထည်ဖော်ဆောင်ရွက်မှုများ

၃။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် အကြမ်းမဖက် အာဏာဖီဆန်မှုတွင် ပါဝင်ကြသည့် ပြည်သူ့ဝန်ထမ်းသူရဲကောင်းများအား ပံ့ပိုးကူညီဆောင်ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပရှိ အလှူရှင်များ၏ အလှူငွေများ၊ စေတနာ့ဝန်ထမ်းများ၏ နည်းပညာအကူအညီ၊ လူအင်အားအကူအညီများကို ထိရောက်စွာ ရယူဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အကြမ်းမဖက် အာဏာဖီဆန်မှုတွင် ပါဝင်ကြသည့် ပြည်သူ့ဝန်ထမ်းသူရဲကောင်းများအား ပံ့ပိုးကူညီမှုကိုလည်း အတိုင်းအတာတစ်ခုအထိ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ကြောင့် နွေဦးတော်လှန်ရေး၏ ကနဦး ငြိမ်းချမ်းသောလှုပ်ရှားမှုကြီးသည်လည်း မြန်မာနိုင်ငံတွင်သာမက ကမ္ဘာကပါ ချီးကျူးရသည်အထိ အောင်မြင်ခဲ့ပါသည်။

၄။ ပြည်သူ့ရေးရာဝန်ဆောင်မှုအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် CDM ပြည်သူ့ဝန်ထမ်းများအား ချီးမြှင့်ပံ့ပိုးခြင်းနှင့်အတူ စစ်ဘေးရှောင်ပြည်သူများ၊ စစ်ကောင်စီ၏ မီးရှို့ဖျက်ဆီးမှုများကြောင့် အိုးအိမ်ပျက်စီးသွားရသူများ၊ ပဋိပက္ခကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် အကျဉ်းကျခံနေရသည့် နိုင်ငံရေးသမားများ၏ မိသားစုဝင်များအား ပံ့ပိုးကူညီမှုကိုလည်း သက်ဆိုင်ရာ အမျိုးသားညီညွတ်ရေးအစိုးရ၏ ဝန်ကြီးဌာနများ၊ ပြင်ပအဖွဲ့အစည်းအများ၊ အလှူရှင်များနှင့် ချိတ်ဆက်၍ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ပြည်သူ့ဝန်ထမ်း CDM သူရဲကောင်းများအား ထောက်ပံ့မှု

၅။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီသည် ပြည်သူ့ဝန်ထမ်း CDM သူရဲကောင်းများအား ချီးမြှင့်ပံ့ပိုးမှုများကို အမျိုးသားညီညွတ်ရေးအစိုးရ မဖွဲ့စည်းမီ ၂၀၂၁ ခုနှစ်၊ ဧပြီလအထိ ဆောင်ရွက်ခဲ့ပြီး အမျိုးသားညီညွတ်ရေးအစိုးရဖွဲ့စည်းပြီးနောက် ပြည်သူ့ဝန်ထမ်း CDM သူရဲကောင်းများအား ချီးမြှင့်ပံ့ပိုးမှုများအား စီမံကိန်း၊ ဘဏ္ဍာရေးနှင့်ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာနက ဆက်လက်တာဝန်ယူ ပံ့ပိုးဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ် နောက်ပိုင်း ပြည်သူ့ရေးရာ

ကော်မတီအား ပြင်ဆင်ဖွဲ့စည်းပြီးနောက် ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ပြည်သူ့ရေးရာ ကော်မတီအနေဖြင့် ၂၀၂၂ ခုနှစ်အတွင်း ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ဝန်ကြီးဌာနအသီးသီးမှ ပြည်သူ့ဝန်ထမ်း CDM သူရဲကောင်း စုစုပေါင်း (၃၉၀၅) ဦးအတွက် ကျပ်ငွေ (၂၁၀.၆၅) သန်းကို ပံ့ပိုးပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

၆။ ပြည်သူ့ရေးရာကော်မတီမှ ထောက်ပံ့ပေးပို့မှုပြုလုပ်ရာတွင် ရန်ပုံငွေရရှိမှု ကန့်သတ်ချက်များကြောင့် ပြည်သူ့ဝန်ထမ်း CDM သူရဲကောင်းများ၏ မီးဖွားစရိတ်၊ အရေးပေါ် ဆေးကုသစရိတ်၊ အိမ်ခန်းနေရာရွှေ့ပြောင်းရခြင်း၊ CDM ဝန်ထမ်းကိုသာ မှီခိုနေရ၍ ယခုကာလအတွင်း စားဝတ်နေရေး ကြပ်တည်းနေခြင်း၊ နေအိမ်မီးရှို့ခံရခြင်းစသည်ဖြင့် အရေးပေါ်ထောက်ပံ့မှုများကို ခွဲခြားထားရှိပြီး မီးဖွားစရိတ်နှင့် အရေးပေါ်ဆေးကုသစရိတ်အတွက် ပထမဦးစားပေးအဖြစ် ထောက်ပံ့ပေးလျက်ရှိပါသည်။ သို့သော် ကော်မတီသို့ တင်ပြလာသည့် CDM ဝန်ထမ်းများအနက်မှ ကော်မတီအနေဖြင့် ပံ့ပိုးကူညီရန် ဘဏ္ဍာငွေအခက်အခဲရှိခဲ့ပါက သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ချိတ်ဆက်၍ ထောက်ပံ့မှုများရရှိနိုင်ရေး ချိတ်ဆက်ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

စစ်ဘေးရှောင်နှင့် နေအိမ်မီးရှို့ခံရသည့် ပြည်သူများအား ပံ့ပိုးကူညီမှုများ

၇။ ကော်မတီအနေဖြင့် အကြမ်းဖက်စစ်ကောင်စီ၏ အရပ်သားပြည်သူများအား ပစ်မှတ်ထား၍ တိုက်ခိုက်ခြင်း၊ အကြမ်းဖက်ဖမ်းဆီးခြင်းများကြောင့် ထွက်ပြေးတိမ်း ရှောင်နေရသည့် ပြည်သူများ၊ ကျေးရွာများနှင့် နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်းများကြောင့် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရသည့် ပြည်သူများအတွက် လိုအပ်သည့် အရေးပေါ်အကူအညီများကို အမျိုးသားညီညွတ်ရေးအစိုးရ၏ သက်ဆိုင်ရာဝန်ကြီးဌာနများက ပံ့ပိုးကူညီနေသည့်နည်းတူ ပြင်ပအလှူရှင်များ၊ အဖွဲ့အစည်းများဖြင့်လည်းကောင်း ချိတ်ဆက်၍ သီးခြားကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကော်မတီသို့ တင်ပြတောင်းခံလာသည့် အကူအညီများကိုလည်း အမျိုးသားညီညွတ်ရေးအစိုးရ၏ လူသားချင်းစာနာထောက်ထားရေးနှင့်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဝန်ကြီးဌာနနှင့် အမျိုးသမီး၊ လူငယ်နှင့်ကလေးသူငယ်ရေးရာဝန်ကြီးဌာနတို့နှင့် ချိတ်ဆက်၍ ကူညီဆောင်ရွက်ပေးလျက် ရှိပါသည်။

နိုင်ငံရေးအကျဉ်းသားများအား ကူညီထောက်ပံ့မှု

၈။ တရားမဝင်စစ်ကောင်စီသည် အာဏာသိမ်းမှုစတင်သည့်နေ့ရက်မှ ယနေ့ထိတိုင် ၎င်းတို့နှင့် စစ်အာဏာရှင်စနစ်အား ဆန့်ကျင်တော်လှန်သည့် ပြည်သူများအား အကြောင်းပြချက်မဲ့ ဖမ်းဆီး၍ ထောင်ဒဏ်များ ချမှတ်လျက်ရှိရာ ယင်းသို့အကျဉ်း ချခံထားရသည့် နိုင်ငံရေးအကျဉ်းသားများ၏ ထောင်ဝင်စာပေးပို့နိုင်ရေးနှင့် မိသားစုဝင်များအား ပံ့ပိုးကူညီစောင့်ရှောက်နိုင်ရေးအတွက်လည်း ပံ့ပိုးကူညီပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ပြည်သူ့ရေးရာကော်မတီသည် ရရှိသည့်အလှူငွေပေါ်မူတည်၍ တတ်စွမ်းသရွေ့ ပံ့ပိုးကူညီနေသည့်နည်းတူ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP- Assistance Association for Political Prisoners)နှင့် ပူးပေါင်း၍လည်း ချိတ်ဆက်ကူညီပံ့ပိုးပေးလျက်ရှိပါသည်။

စစ်ဘေးရှောင်ပြည်သူများနှင့် ပဋိပက္ခကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား ပံ့ပိုးကူညီမှု

၉။ တရားမဝင်အာဏာသိမ်းမှုနောက် မြန်မာပြည်သူ ထောင်ပေါင်းများစွာသည် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေရပြီး လေကြောင်းနှင့် လက်နက်ကြီးများဖြင့် အရပ်သားပြည်သူများနေထိုင်ရာကျေးရွာများ၊ စစ်ရှောင်စခန်းများသို့ ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်နေခြင်းကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးရသူများအပါအဝင် ထိခိုက်ဒဏ်ရာရရှိသူများသည်လည်း နေ့စဉ်တိုးပွားလျက်ရှိပါသည်။ ထို့ကြောင့် ပြည်သူ့ရေးရာကော်မတီသည် ထိခိုက်ဒဏ်ရာရရှိသူများအား ပံ့ပိုးကူညီနိုင်ရန်နှင့် စစ်ဘေးရှောင်စခန်းများအတွက် လိုအပ်လျက်ရှိသည့် သောက်သုံးရေ၊ စားသောက်ကုန်၊ ဆေးဝါး၊ အဝတ်အထည်နှင့်မိုးကာများ ပံ့ပိုးကူညီနိုင်ရန် ပြည်တွင်းပြည်ပမှ အလှူရှင်များ၊ အဖွဲ့အစည်းများနှင့် တိုက်ရိုက်ချိတ်ဆက် လှူဒါန်းပေးနိုင်ခဲ့ပါသည်။

၁၀။ ထို့အပြင် ပြည်သူ့ရေးရာကော်မတီသည် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၊ မယ်တော်ဆေးခန်းတွင် တက်ရောက်ဆေးကုသမှုခံယူနေသော ထိခိုက်ဒဏ်ရာရရဲဘော်များနှင့် ခြေလက်အင်္ဂါ စွန့်လွှတ်ပေးလှူထားရသည့် ရဲဘော်များအား စိတ်ဓါတ်ခွန်အားဖြစ်စေရန် တစ်ဦးလျှင် ဘတ်ငွေ(၁၀၀၀)နှုန်းဖြင့် လစဉ်သွားရောက်ပံ့ပိုးပေးလျက်ရှိရာ ၂၀၂၂ ခုနှစ်၊ ဧပြီလမှဒီဇင်ဘာလအထိ ဘတ်ငွေစုစုပေါင်း(၁၅၂,၀၀၀)အား ပေးလှူနိုင်ခဲ့ပြီး ဖြစ်ပါသည်။

ရန်ပုံငွေရရှိရန် အကောင်အထည်ဖော်ဆောင်ရွက်မှု

၁၁။ ပြည်သူ့ရေးရာကော်မတီသည် လူငယ်နည်းပညာရှင်များ၏ အကူအညီဖြင့် မြန်မာ့နွေဦးတော်လှန်ရေးတွင် ဘ၀နှင့်ရင်း၍ တိုက်ပွဲဝင်နေကြရသော ပြည်သူ့ဝန်ထမ်း CDM သူရဲကောင်းများ၏အရေးပေါ် လိုအပ်လျက်ရှိသည့် အခက်အခဲများကို ကူညီဖြေရှင်းပေး နိုင်ရေးအတွက် Ahlu Shin Application နှင့် Spring Legends YouTube Channel ကို တည်ထောင်၍ အမြဲတမ်းရန်ပုံငွေရရှိရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်အတွင်း Ahlu Shin Application မှ ရရှိငွေစုစုပေါင်း(၆၄၃)သိန်းကို ပြည်သူ့ဝန်ထမ်း CDM သူရဲကောင်း (၁၁၃၁) ဦး အတွက် ထောက်ပံ့ပေးနိုင်ခဲ့ပြီး ၎င်း Online Platforms များမှရရှိလာသည့် ဝင်ငွေအားလုံးကို CDM ပြည်သူ့ဝန်ထမ်းသူရဲကောင်းများအတွက် ၁၀၀ % အပြည့် ပံ့ပိုးပေးလျက်ရှိပါသည်။

ကော်မတီအစည်းအဝေးများ

၁၂။ ပြည်သူ့ရေးရာကော်မတီသည် အပတ်စဉ်အင်္ဂါနေ့တိုင်း ပုံမှန်အစည်းအဝေးများ ကျင်းပလျက်ရှိပြီး ပြည်သူ့ဝန်ထမ်းသူရဲကောင်းများအား လိုအပ်သည့်ငွေကြေးနှင့် အခြားထောက်ပံ့မှုများပေးအပ်နိုင်ရန်နှင့် အကူအညီလိုအပ်နေသည့် ပြည်သူများအတွက် ပံ့ပိုးကူညီမှုများ တိုးမြှင့်လုပ်ဆောင်ပေးနိုင်ရန် အမျိုးသားညီညွတ်ရေးအစိုးရ၏ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်လည်း အလျဉ်းသင့်သလို အစည်းအဝေးများ ပြုလုပ်ဆွေးနွေး တိုင်ပင်လျက်ရှိပါသည်။

တွေ့ဆုံဆွေးနွေးမှုများ

၁၃။ တွေ့ဆုံဆွေးနွေးမှုများအဖြစ် ပြည်သူ့ဝန်ထမ်း CDM သူရဲကောင်းအရေးကိစ္စများနှင့် စပ်လျဉ်း၍ ရင်ဖွင့်နိုင်ရန်နှင့် ၎င်းတို့၏အရေးကိစ္စအခက်အခဲများကို တတ်နိုင်သမျှ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကူညီဖြည့်ဆည်းနှစ်သိမ့်ပေးနိုင်ရန်အတွက် ကော်မတီဝင်များသည် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဇော်ဝေစိုး၊ CRPH အတွင်းရေးမှူးအဖွဲ့ဝင် ဒေါ်ဖြူဖြူသင်းတို့နှင့်အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြည်သူ့ဝန်ထမ်း CDM သူရဲကောင်းများနှင့် တွေ့ဆုံဆွေးနွေးအားပေးလျက်ရှိပါသည်။ ယနေ့အချိန်အထိ တွေ့ဆုံဆွေးနွေးမှုပေါင်း (၉) ကြိမ်ခန့် ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

၁၄။ ပြည်သူ့ရေးရာကော်မတီသည် အချိန်တိုအတွင်း ပြည်သူများအတွက် ပိုမို အကျိုးပြု နိုင်စေရေး၊ ကော်မတီ၏လုပ်ငန်းများ ပိုမိုထိရောက်ရေးနှင့် ကော်မတီဝင်များ၏ စွမ်းဆောင်ရည် ပိုမိုမြှင့်တင်ရေးတို့နှင့်စပ်လျဥ်း၍ နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဘက်ပြည်သူ့ဘက်တော်သား အဖွဲ့အစည်းများနှင့်လည်းတွေ့ဆုံ၍ ၎င်းတို့၏ အကြံဉာဏ်များ ရယူဆွေးနွေးကာ လုပ်ငန်းများ အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အနာဂတ်ရည်မှန်းချက်များနှင့် အစီအစဥ်များ

၁၅။ ကော်မတီသည် ပြည်သူ့ဝန်ထမ်း CDM သူရဲကောင်းများ၊ စစ်ဘေးရှောင် ပြည်သူများ၊ အပြစ်မဲ့ဖမ်းဆီးခံ နိုင်ငံရေးအကျဥ်းသားများ၊ အကူအညီလိုအပ်လျက်ရှိသည့် ပြည်သူတို့အား ထိထိရောက်ရောက်နှင့် ကျယ်ကျယ်ပြန့်ပြန့် ပံပိုးကူညီနိုင်ရန် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ ဝန်ကြီး ဌာနများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ကော်မတီအနေဖြင့် ကိုယ်ပိုင်ရန်ပုံငွေ ပိုမို ရှာဖွေနိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

၁၆။ တော်လှန်ရေးကာလအလွန် အသွင်ကူးပြောင်းရေးကာလနှင့် အနာဂတ် ဖက်ဒရယ် နိုင်ငံတော်သစ် တည်ဆောက်ရေးတို့တွင် CDM ပြည်သူ့ဝန်ထမ်းများ၏ ပါဝင်မှု အခန်းကဏ္ဍနှင့် ပြည်သူ့ဝန်ထမ်း ပြုပြင်ပြောင်းလဲမှုဆိုင်ရာမူဝါဒများ ချမှတ်နိုင်ရေးအတွက် CDM Successes Committee နှင့် လက်တွဲလုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီစနစ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဥ်တွင် ပြည်သူ့ဝန်ထမ်းများအနေဖြင့် ယင်းစနစ်များအပေါ် နားလည်သိမြင်မှု တိုးတက်ကောင်းမွန်လာစေရန် စွမ်းရည်မြင့်တင်ရေးသင်တန်းများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများကိုလည်း လွှတ်တော်ဖွံ့ဖြိုးရေးအကူအညီပေးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်လည်း စီစဥ်လျက်ရှိပါသည်။

နိဂုံး

၁၇။ ပြည်သူ့ရေးရာကော်မတီအနေဖြင့် ဤနွေဦးတော်လှန်ရေးကာလတွင်လွှတ်တော် ကဏ္ဍမှ ပြည်သူ့ရေးရာဝန်ဆောင်မှုများနှင့် ပြည်သူတို့၏အခက်အခဲများကို ကြိုးပမ်းပံ့ပိုး ကူညီနိုင်ရန်နှင့် အနာဂတ်တွင် ပြည်သူ့ဝန်ထမ်း CDM သူရဲကောင်းများ၊ စစ်ဘေးခံစားခဲ့ရသည့် ပြည်သူများ၊ အသက်ပေးဆပ်ခဲ့ကြရသူများ၊ ထိခိုက်ဒဏ်ရာရရှိသူများအတွက် ပြန်လည်ကုစားရေးဆိုင်ရာ လုပ်ငန်းစဥ်များအတွက် ဥပဒေ၊ မူဝါဒများ ချမှတ်ရေး ဆွဲနိုင်ရေးအတွက် အမျိုးသားညီညွတ်ရေး အစိုးရ၏ဝန်ကြီးဌာနများ၊ ပြင်ပပညာရှင်များ၊ အဖွဲ့အစည်းများနှင့် လက်တွဲကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

နောက်ဆက်တွဲ(က)

၂၀၂၂ ခုနှစ်အတွင်း လအလိုက် CDM ထောက်ပံ့မှုမှတ်တမ်း

စဉ်	လအမည်	ဦးရေ	ထောက်ပံ့ငွေပမာဏ (ကျပ်ငွေ)
၁	ဇန်နဝါရီ	၆၀	၃,၆၉၀,၀၀၀
၂	ဖေဖော်ဝါရီ	၄၁၆	၁၂,၇၅၀,၀၀၀
၃	မတ်	၁၁၁	၆,၇၅၀,၀၀၀
၄	ဧပြီ	၁၇၀	၉,၄၅၀,၀၀၀
၅	မေ	၂၄၂	၁၃,၅၀၀,၀၀၀
၆	ဇွန်	၁၇၂	၁၀,၁၅၀,၀၀၀
၇	ဇူလိုင်	၄၀၆	၂၁,၂၀၀,၀၀၀
၈	ဩဂုတ်	၄၄၇	၂၃,၅၀၀,၀၀၀
၉	စက်တင်ဘာ	၅၁၀	၂၉,၃၀၀,၀၀၀
၁၀	အောက်တိုဘာ	၄၄၇	၂၅,၇၆၀,၀၀၀
၁၁	နိုဝင်ဘာ	၃၀၇	၁၇,၁၀၀,၀၀၀
၁၂	ဒီဇင်ဘာ	၆၁၇	၃၇,၅၀၀,၀၀၀
	စုစုပေါင်း	**၃,၉၀၅**	**၂၁၀,၅၀၀,၀၀၀**

နောက်ဆက်တွဲ(ခ)

ပြည်ထောင်စုအဆင့်အဖွဲ့အစည်း၊ ဝန်ကြီးဌာနများအလိုက် CDM ထောက်ပံ့မှု

စဉ်	ဝန်ကြီးဌာန	လူဦးရေ	ထောက်ပံ့မှု (မြန်မာကျပ်ငွေ)
၁	ပြည်ထောင်စုဝန်ကြီးချုပ်ရုံး မှကိုင်တွယ်လျက်ရှိသည့် ဝန်ကြီးဌာန (၉)ခု	၂၇၆	၁၄,၅၀၀,၀၀၀
၂	ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန	၆၈	၃,၈၀၀,၀၀၀
၃	စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန	၁၃၇	၇,၉၁၀,၀၀၀
၄	လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ် စီမံခန့်ခွဲရေးဝန်ကြီးဌာန	၁	၅၀,၀၀၀
၅	ပညာရေးဝန်ကြီးဌာန	၁,၅၀၃	၈၇,၆၀၀,၀၀၀
၆	ကျန်းမာရေးဝန်ကြီးဌာန	၄၀၁	၂၂,၂၅၀,၀၀၀
၇	သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန	၂၅	၁,၄၀၀,၀၀၀
၈	အလုပ်သမားဝန်ကြီးဌာန	၉၇၄	၄၆,၄၄၀,၀၀၀
၉	ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာ ဝန်ကြီးဌာန	၁၃	၇၅၀,၀၀၀
၁၀	လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန	၂၇၅	၁၃,၈၅၀,၀၀၀
၁၁	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	၄	၄၀၀,၀၀၀
၁၂	ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး	၈	၄၀၀,၀၀၀
၁၃	လွှတ်တော်ရုံး (ပြည်ထောင်စု၊ ပြည်သူ့၊ အမျိုးသား၊ တိုင်းဒေသကြီးနှင့်ပြည်နယ်)	၂၁၁	၁၀,၈၀၀,၀၀၀